ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၅–၂၀၁၆ ခု ၊ဘဏ္ဍာရေးနှစ်ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ

# ၂၀၁၅ – ၂၀၁၆ ခု ၊ ဘဏ္ဍာရေးနှစ်ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ

( ၂၀၁၅ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၅ ။ )

၁၃၇၇ ခုနှစ်၊နတ်တော်လဆန်း ၇ ရက်

( ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာ လ ၁၈ ရက် )

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည်ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၅ –၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၅ –၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ်အတွက်အကျိုးသက်ရောက်စေရမည်။

## အခန်း(၂)

## နောက်ထပ်အသုံးစရိတ်များကိုခွင့်ပြုလျာထားပေးခြင်းနှင့်စီမံခန့်ခွဲခြင်း

၂။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် စပ်လျဉ်း၍ဇယား(၁)၊ (၂)နှင့်(၃)တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကိုသုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က)တွင်ခွင့်ပြုထားသည့်ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၅ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟုမှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ပါတာဝန်ပေးအပ်ခြင်းခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအားတာဝန်ပေးအပ်သည့်သုံးငွေကို စီမံခန့်ခွဲရန်မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအားလွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကိုစီမံခန့်ခွဲရာတွင် ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ၂၀၁၅ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(လက်မှတ်)
ဝန်ကြီးချုပ်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

# ရန်ကုန်တိုင်းဒေသကြီး အဆင့်အဖွဲ့အစည်းများ

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၅ ခုနှစ်၊ရန်ကုန်တိုင်းဒေသကြီး၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါအမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | | ဗဟိုအဖွဲ့အစည်းများ | | | | | | | | |
| | | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၄၇၅·၃၄၃ | | | ၈၇၆၃.၀၀၆ | | | |
| ၂ | | ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်ကတာဝန်ပေးသူ | ၃၀ . ၀၀၀ | | | | | | |
| ၃ | | ၄ | တိုင်းဒေသကြီးဥပဒေချုပ် | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်တာဝန်ပေးသူ | | | | ၁၆ .၅၀၄ | | | |
| | | | ပေါင်း | | ၅၀၅·၃၄၃ | | | ၈၇၇၉ ·၅၁၀ | | | |

# ရန်ကုန်တိုင်းဒေသကြီး အဆင့်အဖွဲ့အစည်းများ

ယေား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၅ ခုနှစ်၊ရန်ကုန်တိုင်းဒေသကြီး၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါအမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | | ပြည်ထဲရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် | | | | ၈၄၆.၆၄၃ | | | |
| | | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | | ၈၄၆.၆၄၃ | | | |
| ၂ | ၅ | | မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၄င်း | | | | ၁၀.၀၀၀ | | | |
| | | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | | ၁၀.၀၀၀ | | | |
| ၃ | ၉ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၄င်း | ၅၀.၁၇၄ | | | | | | |
| | | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၅၀.၁၇၄ | | | | | | |
| ၄ | ၁၀ | | ဆောက်လုပ်ရေး | ၄င်း | ၁၉.၅၀၀ | | | ၁၆၇၇.၀၆၁ | | | |
| | | ၂ | လမ်းဦးစီးဌာန | | ၁၉.၅၀၀ | | | ၁၆၇၇.၀၆၁ | | | |
| ၅ | ၁၂ | | ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ | ၄င်း | | | | ၄၅၇.၃၁၂ | | ၂၆.၀၀၄ | |
| ၆ | ၁၃ | | စည်ပင်သာယာရေး အဖွဲ့များ | ၄င်း | | | | ၆၁၇.၀၀၀ | | | |
| | | | ပေါင်း | | ၆၉.၆၇၄ | | | ၃၆၀၀.၀၁၆ | | ၂၆.၀၀၄ | |

# ရန်ကုန်တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၅ ခုနှစ်ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | | ပြန်ကြားရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၈၂.၇၁၂ | | | | | | |
| | | | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | ၈၂.၇၁၂ | | | | | | |
| ၂ | | | ဆောက်လုပ်ရေး | ၄င်း | ၁၄၈ . ၃၀၄ | | | | | | |
| | | | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၁၄၈ . ၃၀၄ | | | | | | |
| | | | ပေါင်း | | ၂၃၁ . ၀၁၆ | | | | | | |